ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)




## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
ခနောင်(အနောက်)ကျေးရွာ၊ ခနောင်ကျေးရွာအုပ်စု


မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.....၂
၂။ ခနောင်ကျေးရွာအုပ်စုမြေပုံ .....၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း .....၄
၄။ကျေးရွာအခြေခံအချက်အလက်များ .....၅
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .....၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .....၂၂
၈ကျေးရွာကော်မတီဝင်များစာရင်း.....၂၃
၉။ပုံစံ-၁။ကျေးရွာအချက်အလက်.....၂၄
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်.....၂၇
၁၁။အစည်းအဝေးမှတ်တမ်းများ .....၃၀
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).....၃၅

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ခနောင်ကျေးရွာအုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။ခနောင်(အရှေ့)ကျေးရွာ

၂။ခနောင်(အနောက်)ကျေးရွာ

၃။ ဘုံလုံကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ခနောင်(အနောက်)ကျေးရွာကိုလွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ပေါက်ကံရာမတိုင်းနှင့် သထုံမနုဟာမင်းတို့ စစ်မက်ဖြစ်ပွားရာမှ ပေါက်ကံရာမတိုင်းစစ်ရှုံးပြီးမိဖုရားကြီးမက္ကနံသည် တပ်မှူး ဦးသီလ၊ မုဆိုးကြီးဦးဒီပတို့၏ နောက်လိုက်ဗိုလ်ပါများနှင့် ထွက်ပြေးတိမ်းရှောင်လာရာမော်ဝန်းမြစ်အတိုင်းစုန်ဆင်းလာခဲ့ပြီးယခုခနောင်ချောင်း၏ အရှေ့ဘက်ကမ်းနဖူးဘုံလုံကျေးရွာအရောက်တွင် ပုန်းရှိုးကွယ်ရှိုးဖြင့် နေထိုင်ခဲ့ရသည်။ မက္ကနံမိဖုရားကြီးသည် ရေကြည်ရာမြက်နုရာနေထိုင်းရင်းဘုံလုံရွာ၏တောင်ဘက် (၁)မိုင်ခန့်အရောက်တွင် ကနံရွာကိုတည်၍ နေထိုင်ခဲ့ပြီးခေတ်ကာလများရွေ့လျားလာသောအခါ ခနောင်ရွာဟုအမည်တွင်ခဲ့ရာယနေ့ထိတိုင်ဖြစ်ပါသည်။ ထိုခနောင်ရွာကိုပိုင်းခြားထားသောခနောင်ချောင်းကိုအမှီပြု၍ ခနောင်(အရှေ့)နှင့် ခနောင်(အနောက်)ဟူ၍ ခွဲခြားခေါ်ဝေါ်လာခြင်းဖြစ်ပါသည်။

ခနောင်(အနောက်)ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့ဘက် (၁၈)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကုန်းလမ်းခရီးဖြင့် ရာသီမရွေးသွားလာနိုင်ပါသည်။ ခနောင်(အနောက်)ကျေးရွာ၏ အရှေ့ဘက်တွင် ခနောင်(အရှေ့)ကျေးရွာ၊ မြကိုင်းကျေးရွာ၊ အနောက်ဘက်တွင် မင်္ဂလွန်းကျေးရွာနှင့် အစဲကျေးရွာ၊ မြောက်ဘက်တွင် တံတားမြို့နှင့် စင်မကော်ကျေးရွာတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ ကျေးရွာ၏ ဧရိယာအားလုံးမှာလယ်ယာစိုက်ပျိုးနိုင်သည့် မြေနိမ့်လွင်ပြင်ဒေသ ဖြစ်ပါသည်။ ခနောင်(အနောက်) ကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက်(၃၇)ပေအမြင့်တွင် တည်ရှိပါသည်။

ခနောင်(အနောက်)ကျေးရွာတွင်ဗုဒ္ဓဘာသာကိုအများဆုံးကိုးကွယ်ကြပြီးဟိန္ဒူဘာသာကိုးကွယ်သူများလည်းအနည်းငယ်ရှိပါသည်။ဘာသာတရားကိုင်းရှိုင်းကြပြီးအချင်းချင်းကူညီရှိုင်းပင်းကြပါသည်။ဘာသာရေးအဆောက်အအုံများအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ဘုရားစေတီတို့ရှိပါသည်။

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးဆန်စပါးနှင့် ပဲတီစိမ်းတို့ကိုအများဆုံးစိုက်ပျိုးကြပါသည်။ အခြားလုပ်ငန်းများအနေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်း နှင့် အခြားကျဘန်းလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။

ပညာရေးကိုအထူးအလေးပေးသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင်း၌ မူလတန်းကျောင်းသာရှိပြီးအလယ်တန်းနှင့် အထက်တန်းပညာတို့အတွက် ခနောင်(အရှေ့) ကျေးရွာသို့ သွားရောက်၍ ပညာသင်ကြပါသည်။

## ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂၇ | ၃၆ | ၄၉ | ၈၅ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃၆ | ၆၀ | ၄၈ | ၁၀၈ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၂၃ | ၁၃ | ၁၀ | ၂၃ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | ဆိုင်ကယ်ဂပ်ရှော့ |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | |
| | ဆိတ် | စျေးဆိုင် | |
| | ဘဲ | စပါးအရောင်းအဝယ် | |
| | | ပဲတီစိမ်းရောင်းအဝယ် | |

## ၅။ ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၄၃၁.၇၅ | ၄.၈၄ | - | မရှိ | ၁၅/၁၈ | ၃ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | စျေးဆိုင် |
| အရေအတွက် | ၈ | ၈၀ | ၂ | ၃ | - | ၁၂ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂၅ | ၆၀ | ၄၀ | ၁၂ | ၈၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၂၅ | ၂၅၃ | ၃၂၆ | ၂၆၂ | ၅ |

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၉၀ | ၁၀၂ | ၁၉၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၉၀ | ၁၀၂ | ၁၉၂ | ရာသီဉတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၁၄-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၂၂ | ၃၉ | ၆၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသတ်ချက် | ၁၄-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၂ | ၃၉ | ၆၁ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၄-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၂ | ၃၉ | ၆၁ | အမျိုးသားများ နှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု နှင့် မရရှိသည့်အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၂၂ | ၃၉ | ၆၁ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




### သုံးသပ်ချက်

လူနေထိုင်မှုပုံစံ တွင် စီးပွားရေးအရအဆင့်(၃)ဆင့်ရှိပြီးထိုသူများသည် ကျေးရွာနေရာအနှံ့အပြားတွင် နေထိုင်ကြပါသည်။


လမ်းပန်းဆက်သွယ်ရေးတွင် ရွာတွင်းလမ်းနှင့် အခြားရွာများသို့ဆက်သွယ်ထားသောလမ်းများသည် ကွန်ကရစ်လမ်းများ ဖြစ်ကြပါသည်။ မိုးရာသီ၊ နွေရာသီ၊ ဆောင်းရာသီတို့တွင် သွားလာရလွယ်ကူပါသည်။

ပညာရေးအတွက် မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ အခြားအလယ်တန်းနှင့် အထက်တန်းပညာတို့အတွက် ကျောင်းသား/သူများသည် ခနောင်(အရှေ့)ကျေးရွာသို့ သွားရောက်၍ ပညာသင်ယူရပါသည်။

ခနောင်(အနောက်)ကျေးရွာတွင် သောက်သုံးရေအတွက် မြေသားရေကန်များမှရေကိုအသုံးပြုကြပါသည်။ တစ်နှစ်ပတ်လုံးအတွက် သောက်သုံးရေလုံလောက်မှုရှိပါသည်။ ရွာ၏ အလယ်တွင် ခနောင်ချောင်းရှိပါသည်။ရွာပတ်လည်တွင် လယ်ယာမြေများရှိပါသည်။

စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအဖြစ် စပါးနှင့် ပဲတီစိမ်းတို့ကိုအဓိကစိုက်ပျိုးကြပါသည်။ အခြားဟင်းသီးဟင်းရွက်များကိုလည်းအသင့်အတင့် စိုက်ပျိုးရောင်းချပါသည်။ လမ်းပန်းဆက်သွယ်ရေးအတော်အသင့် ကောင်းမွန်သောကြောင့် ကုန်သွယ်စီးဆင်းမှုနှင့် လူမှုရေး၊ ပညာရေးတို့အတွက် အဆင်ပြေပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်။


ခနောင်ကျေးရွာအုပ်စု
ခနောင်အနောက်ကျေးရွာ: ဥစ္စာဓနကြွယ်ဝမှုဇယား

နေ့စွဲ - ၁၄.၂.၂၀၁၇


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | [illegible] TV, Sky Net [illegible] | ၅၀ | ၁၄ |
| အလယ်အလတ် | [illegible] TV - DVD [illegible] | ၁၀၀ | ၂၈ |
| နွမ်းပါး | [illegible] | ၂၀၄ | ၅၈ |
| စုစုပေါင်း | | ၃၅၄ | ၁၀၀% |

## သုံးသပ်ချက်

ခနောင်(အနောက်)ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး ဟူ၍ ဥစ္စာခနေကြွယ်ဝမှုအဆင့် (၃)ဆင့် ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုများသည် တိုက်အိမ်၊ ကား၊ လယ်မြေဧက(၄၀)နှင့်အထက်၊ လယ်ယာသုံးပစ္စည်းများ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တီဗွီ၊ စလောင်း၊ ကျွဲ၊ နွား၊ ဆိုင်ကယ်၊ ဖုန်း စသည့်ပစ္စည်းများ ပိုင်ဆိုင်ကြပြီး ကျေးရွာအိမ်ထောင်စုပေါင်း၏ (၁၄)%ခန့်ရှိပါသည်။ အလယ်အလတ်အိမ်ထောင်စုများသည် သစ်သားသွပ်မိုးအိမ်၊ လယ်ဧက(၁၀)ဧက၊ စက်ဘီး၊ ရွှေနားပုံ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ တီဗွီ၊ ကြက်၊ ဝက်၊ ဘဲ၊ နွား တို့ကိုပိုင်ဆိုင်ကြပြီး ကျေးရွာအိမ်ထောင်စုပေါင်း၏ (၂၈)% ခန့်ရှိပါသည်။ နွမ်းပါးသောအိမ်ထောင်စုများသည် ဓနိမိုးထရံကာအိမ်၊ ကြက်၊ စသည့်ပစ္စည်းများသာ ပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်းကြောင်းအတွက် ကြုံရာကျဘန်းလုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ရခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



## သုံးသပ်ချက်

စိုက်ပျိုးရေးတွင် စပါးကို အဓိကစိုက်ပျိုးကြပြီး နယုန်လမှ စတင်၍ စိုက်ပျိုးကြပါသည်။ တန်ဆောင်မုန်းလနှင့် နတ်တော်လများတွင် စပါးရိတ်သိမ်းပါသည်။ ပဲတီစိမ်းကို တန်ဆောင်မုန်းလ နှင့် နတ်တော်လများတွင် စတင်စိုက်ပျိုးပြီး တပို့တွဲလနှင့် တပေါင်းလများတွင် ခူးယူပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ နယုန်လ၊ တန်ဆောင်မုန်းလများတွင် ကျန်းမာရေးနှင့် ပတ်သက်ပြီး အနည်းငယ် အခက်အခဲများရှိပြီး ကျန်လများတွင် ကျန်းမာရေးကောင်းမွန်ပါသည်။


ရာသီဥတုနှင့် ပတ်သက်၍ တစ်နှစ်ပတ်လုံး ပုံမှန်အနေအထားရှိပါသည်။ ရေလုပ်ငန်းများကို တစ်နှစ်ပတ်လုံး လုပ်ကိုင်ပြီး ဝါဆိုလနှင့် ဝါခေါင်လများတွင် အခြားလများထက်ပို၍ အလုပ်အကိုင်များ အဆင်ပြေသည်ကို တွေ့ရပါသည်။

ပွဲတော်များမှာ တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် ဆီမီးပူဇော်ပွဲ၊ တဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ဘုရားပွဲ စသည်တို့ကို ပြုလုပ်၍ ကျန်လများတွင် ပွဲတော်များပြုလုပ်ခြင်းမရှိပါ။

ကျေးရွာလူထုသည် တန်ခူး၊ ကဆုန်၊ တောင်သလင်း၊ သီတင်းကျွတ်လ၊ ပြာသိုလများတွင် လယ်ယာလုပ်ငန်းများ မရှိသောကြောင့် အများအားဖြင့် အားလပ်ကြပါသည်။ ကျေးရွာတွင်း၌ သောက်သုံးရေနှင့် ပတ်သက်၍ ဖူလုံမှုရှိပါသည်။ အစာရေစာ ဖူလုံမှုနှင့် ပတ်သက်၍ တစ်နှစ်လုံးလောက်မှုရှိကြောင်းတွေ့ရှိရပါသည်။

မွေးမြူရေးနှင့် ပတ်သက်၍ ဝက်၊ ဆိတ်၊ ကြက်၊ နွားတို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်နှင့် ပဲတီစိမ်းများရိတ်သိမ်းပြီးချိန်တို့၌ ဝင်ငွေရရှိမှု အများဆုံး ဖြစ်ပါသည်။ ဝင်ငွေနည်းပါးသော ကာလများမှာ တန်ခူး၊ ကဆုန်၊ နယုန်လတို့ဖြစ်ကြပါသည်။

## ၄။ ဗင်းပုံစံ သုံးသပ်ချက်။




## သုံးသပ်ချက်

ခနောင်(အနောက်)ကျေးရွာအတွင်းတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်အဖွဲ့၊ နာရေးကူညီမှုအသင်း၊ ပရဟိတအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ ပတ်မြန်မာအဖွဲ့၊ ဂေါပကအဖွဲ့၊ သမဝါယမအဖွဲ့ စသည်အသင်းအဖွဲ့များ ရှိပါသည်။ ကျေးရွာနှင့် ချိတ်ဆက်နေသော မြို့နယ်ရှိအဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ၊ မြို့နယ်မီးသတ် တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မြို့နယ်ပတ်မြန်မာအဖွဲ့ နှင့် မြို့နယ်သမဝါယမအဖွဲ့ စသည်တို့ဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာအတွက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါသည်။ ကျေးရွာအတွင်းရှိ အခြားအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သည်။ ထို့အပြင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ ကျေးရွာ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကျေးရွာအေးချမ်းသာယာရေးတို့ကို အဓိကဆောင်ရွက်သည်။ ကျေးရွာအတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့သည် မြို့နယ်အမျိုးသမီးရေးရာနှင့် ချိတ်ဆက်၍ ကျေးရွာရှိ အမျိုးသမီးများ၏ ရပိုင်ခွင့် နှင့် အခွင့်အရေးများအတွက် ဆောင်ရွက်သည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် ကျေးရွာအတွင်းရှိ မိခင်နှင့် ကလေးများအတွက် အထွေထွေကျန်းမာရေးနှင့် ပတ်သက်သော ကာကွယ်ဆေးထိုး/ဆေးတိုက်ခြင်းများကဲ့သို့သော ကိစ္စများကို မြို့နယ်နှင့် ချိတ်ဆက်၍ ဆောင်ရွက်သည်။ ကျေးရွာရှိ အရန်မီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ချိတ်ဆက်၍ ကျေးရွာအတွင်း မီးဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် ဆောင်ရွက်သည်။ ကျေးရွာရှိ နာရေးကူညီမှုအဖွဲ့သည် မြို့နယ်နှင့် ချိတ်ဆက်ခြင်းမရှိဘဲ ကျေးရွာအတွင်းရှိ နာရေးကိစ္စများကို ကူညီဆောင်ရွက်သည်။ ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးနှင့် လူမှုရေးကိစ္စများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ဆောင်ရွက်သည်။ ကျေးရွာကြက်ခြေနီအဖွဲ့သည် မြို့နယ်ကြက်ခြေနီအဖွဲ့နှင့် ချိတ်ဆက်၍ ကျေးရွာအတွက် အခြေခံကျန်းမာရေးအသိပညာပေးလုပ်ငန်းများနှင့် အရေးပေါ်ကိစ္စများတွင် ကူညီဆောင်ရွက်သည်။ ပတ်မြန်မာအဖွဲ့သည် ကျေးရွာအတွင်းရှိ အိမ်ထောင်စုများအား အသေးစားငွေချေးခြင်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်လျက်ရှိသည်။ ကျေးရွာဂေါပကအဖွဲ့သည် ကျေးရွာ၏ ဘာသာရေးနှင့် ပတ်သက်သော ကိစ္စများကို အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာလူထုအား စည်းရုံးဆောင်ရွက်သည်။ ကျေးရွာသမဝါယမအဖွဲ့သည် မြို့နယ်သမဝါယမအဖွဲ့နှင့် ချိတ်ဆက်၍ ကျေးရွာလူထုအား ငွေချေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

အချုပ်အားဖြင့် ဆိုရလျှင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများအားလုံးသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက်ပြီး အချို့တဝက်သည် မြို့နယ်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**


ဆုံးဖြတ်ချက်ချခြင်း၊ ပညာသင်ကြားမှုနှင့် ဘ၀လုံခြုံမှုများတွင် အမျိုးသားများက ဦးဆောင်နေပြီး အမျိုးသမီးများကထိုကိစ္စရပ်များတွင် အမျိုးသားများထက် အားနည်းနေကြောင်းတွေ့ရပါသည်။ အဓိက အကြောင်းအရင်းများမှာအမျိုးသမီးများသည်အားနွဲ့သူများဖြစ်ပြီးမိရိုးဖလာအစဉ်အလာအရမှီခိုသူများဖြစ် သောကြောင့် ဖြစ်သည်။


အရင်းအမြစ်များအသုံးချမှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဦးဆောင်မှုများတွင်လည်း အမျိုးသား များကသာဦးဆောင်လျက်ရှိသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုဆောင်ရွက်နေရသောကြောင့် အခြားအလုပ်အကိုင်များနှင့် ဦးဆောင်နိုင်မှုများတွင် အားနည်းခြင်း ဖြစ်သည်။

အိမ်မှုကိစ္စဆောင်ရွက်မှုများတွင် အမျိုးသမီးများကဦးဆောင်နေသည်။ အမျိုးသားများသည် ဝင်ငွေရရှိသော လုပ်ငန်းများကိုဆောင်ရွက်နေရသောကြောင့် အိမ်မှုကိစ္စဆောင်ရွက်မှုများတွင် အားနည်းခြင်းဖြစ်သည်။

လူမှုရေးလုပ်ငန်းများပါဝင်ဆောင်ရွက်မှုတွင် အမျိုးသားအမျိုးသမီးတူညီမှုရှိပါသည်။အမျိုး သမီးများ အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာလျှင် ဝင်ရောက်လုပ်ကိုင် ခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်မည် ဖြစ်သည်။ ထို့အပြင် ကျေးရွာအစည်းအဝေးများ နှင့် အခြားလူမှုရေးကိစ္စများတွင် အမျိုးသမီးများကိုပါဝင်လာစေခြင်းဖြင့် အမျိုးသမီးများနှင့် အမျိုးသားများ၏ ကွာခြားချက်များကို ညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

**၆။ ပိုင်ဆိုင်မှု သုံးသပ်ခြင်း။**





ခနောင်ကျေးရွာအုပ်စု
ခနောင်အနောက်ဘက်ကမ်း
ပိုင်ဆိုင်မှုသုံးသပ်ခြင်း
အရင်းအမြစ် ထိန်းချုပ်မှု ပုံစံပြဇယား
နေ့စွဲ - ၁၄.၂.၂၀၁၇
အမျိုးသား
အမျိုးသမီး
အမျိုးသား + အမျိုးသမီး
လယ်ယာသုံးပစ္စည်း
စိုက်ပျိုးရေးလုပ်ငန်း
ဆိုင်ကယ်
ရေတွင်း / ရေကန်
TV
မြစ် / ချောင်း
စက်ဘီး
အပ်ချုပ်စက်
ဈေးဆိုင်
မီးဖိုချောင်သုံးပစ္စည်း
လမ်း
မွေးမြူရေးလုပ်ငန်း
ဆေးခန်း

## သုံးသပ်ချက်

**အသုံးပြုမှု**

အမျိုးသားများအသုံးပြုသောအရင်းအမြစ်များမှာလယ်ယာမြေ၊ဆိုင်ကယ်၊လယ်ယာသုံးစက်ပစ္စည်း ၊မြစ်/ချောင်းစသည်တို့ဖြစ်ပါသည်။အမျိုးသမီးများအသုံးပြုသောအရင်းအမြစ်များမှာအပ်ချုပ်စက်၊ ဈေးဆိုင်၊ ရေတွင်း/ရေကန်၊ မီးဖိုချောင်သုံးပစ္စည်းများ ဖြစ်ပါသည်။ အမျိုးသားနှင့် အမျိုးသမီးအတူတကွ အသုံးပြုသောအရင်းအမြစ်များမှာလမ်း၊ ဆေးခန်း၊ စက်ဘီး၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ နှင့် တီဗွီတို့ ဖြစ်ပါသည်။

**ထိန်းချုပ်မှု** အရင်းအမြစ်ထိန်းချုပ်မှုများတွင် အမျိုးသားများက ဦးဆောင်နေပြီး လယ်ယာသုံးပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆိုင်ကယ်၊ ရေတွင်း/ရေကန်၊ တီဗွီ၊ မြစ်/ချောင်း၊ စက်ဘီးတို့ကို ထိန်းချုပ်ထားပါသည်။ အမျိုးသမီးများက အပ်ချုပ်စက်၊ ဈေးဆိုင်၊ မီးဖိုချောင်သုံးပစ္စည်းများကို ထိန်းချုပ်ထားပါသည်။ အမျိုးသားနှင့် အမျိုးသမီးအတူတကွ ထိန်းချုပ်သော အရင်းအမြစ်များမှာ လမ်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆေးခန်း စသည်တို့ဖြစ်ပါသည်။ အရင်းအမြစ်ထိန်းချုပ်မှုများတွင် အမျိုးသမီးများ ပါဝင်လာစေခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ မြင့်တက်လာမည်ဖြစ်သည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

လူထုဗဟိုပြုစီမံကိန်းသည် အမျိုးသားနှင့် အမျိုးသမီးများကို တန်းတူအခွင့်အရေး ပေးသော စီမံကိန်းတစ်ခုဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များတိုးတက်လာစေရန် နှင့် တန်းတူလုပ်ကိုင်ဆောင်ရွက်တတ်လာစေရန် ရည်ရွယ်ပါသည်။ ကျေးရွာတွင် စီမံကိန်းနှင့်ပတ်သက်သော အစည်းအဝေးများ ပြုလုပ်ရာတွင် ကျေးရွာရှိအိမ်ထောင်စု၏ အနည်းဆုံး (၅၀)% တက်ရောက် ရမည်ဖြစ်သည်။ ထိုသို့တက်ရောက်ရာတွင် အမျိုးသမီး(၅၀)% အနည်းဆုံးတက်ရောက်ရမည်ဖြစ်သည်။ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး(၅၀)% ပါဝင်ရမည်ဖြစ်သည်။ ဆပ်ကော်မတီတိုင်းတွင် လည်းအနည်းဆုံးအမျိုးသမီး(၁)ဦးပါဝင်ရမည်ဖြစ်သည်။ အမျိုးသမီးများအားဆုံးဖြတ်ခွင့်၊ ဦးဆောင်ခွင့်၊ အကြံပြုခွင့်များပေး၍ စွမ်းဆောင်ရည် မြှင့်တင်ပေးရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင်လည်းတူညီသောလုပ်အားအတွက် တူညီသောလုပ်အားခမဖြစ်မနေပေးချေရမည်ဖြစ်သည်။ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းစဉ်တစ်လျှောက်လုံး၌ ကျား/မ တန်းတူညီမျှမှုများကို ထည့်သွင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂၀.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကိုရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက် (၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင်ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မှီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့်ကြုံတွေ့နေရသောအခက် အခဲများကိုသင်ဆွေးနွေး မေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀ ႏ ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှု ရှိ/မရှိစစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသားအုပ်စု၏မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးလှအုန်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်စုစုလှိုင် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးကြည်ဆွေ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိန်း |
| ၅ | ဒေါ်မြင့်မြင့်နိုင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမောင်မောင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ဇာဇာစန်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်အေးစီ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးစံသိန်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးစန်းတင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်သိမ့်သိမ့်နွေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးကျော်သူ | ကျား | အငြင်းပွားချက်ဖြေရှင်းရေး |
| ၁၃ | ဒေါ်ဌေးရီ | မ | အငြင်းပွားချက်ဖြေရှင်းရေး |
| ၁၄ | ဦးသူရဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်သိန်းသိန်းစိုး | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးတင်ထွန်းနိုင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း - (၁၆) ယောက်၊ ကျား (၉)ယောက် +မ (၇) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးလှအုန်း အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ
၂။ဒေါ်စုစုလှိုင် အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ
၃။ဦးကျော်သူ ဥက္ကဌ၊ အုပ်စုဝေဖန်အငြင်းပွားတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့

**မှတ်တမ်းတင်သူ**

အမည် - ဦးတင်သိန်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၂၁.၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအောင်လင်း | ၀၉-၇၉၅၂၁၈၄၀၀ | ဦးတင်သိန်း |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ခနောင် | ကျေးရွာ ခနောင် (အနောက်) |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၉၅ | ဘာသာ (၁) ဗုဒ္ဓ | ၂၉၅ |
| လူမျိုးစု (၂) ဟိန္ဒူ | ၂၇ | ဘာသာ (၂) ဟိန္ဒူ | ၂၇ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၆ | | |
| စစ်ဘေးရှောင် | ၂ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၃၆ | ၆၂၉ |
| လူမျိုးစု (၁)- ဗမာ | ၆၀၀ | ၅၈၀ |
| လူမျိုးစု (၂)- ဟိန္ဒူ | ၃၆ | ၄၉ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၄၀ | ၃၂ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်　　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွား မ်း　　အခြား ______________

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** **ဝိုင်းပါ**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ
(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ
(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်- ------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------
မိုးရာသီတွင်ကြာချိန်--------- --------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေး

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | [illegible] |
| | လက်မှတ် | [signature] နေ့စွဲ 23 · 2 · 2017 |
| လူထုစည်းရုံးရေးမှူး | အမည် | [illegible] |
| | လက်မှတ် | [signature] နေ့စွဲ 23 · 2 · 2017 |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

### ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဦးတင်သိန်း | | | |
| နေ့စွဲ ၂၂ . ၂ . ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု ခနောင် | ကျေးရွာ ခနောင်အနောက် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းအခက်အခဲ | ၁ | သောက်ရေကန် ခြံစည်းရိုး ၊ သန့်ရှင်းမှု |
| ၂ | တံတားအခက်အခဲ | ၂ | လမ်းအခက်အခဲ သွားလာရန်ခက်ခဲသော(တံတား) |
| ၃ | မီးတိုင် ၊ မီးကြိုးအခက်အခဲ | ၃ | စာကြည့်တိုက် အမှိုက်ပစ်ကန် |
| ၄ | ရေကန် ခြံစည်းရိုးအခက်အခဲ | ၄ | အများသုံးအိမ်သာ သောက်သုံးရေမလုံလောက်ခြင်း |
| ၅ | သောက်သုံးရေအခက်အခဲ | ၅ | ရေနုတ်မြောင်း (ရေစီးရေလာကောင်းမွန်ရန်) ကျန်းမာရေးခက်ခဲ မီးတိုင်အခက်အခဲ / နေ့စဉ်ကုန်စျေးရရှိရေး |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | နောက်လေးနှစ်ကြာရင်မြို့ပြအဆင့်မှီဖြစ်ချင် | ၁ | ခြံစည်းရိုးခိုင်မာမှုရှိပြီးသန့်ရှင်းသောရေကန် တစ်ရွာလုံးခိုင်မာမှုရှိသောကျောက်ခင်း ၂ လမ်းသွား |
| ၂ | လမ်းနှင့်တံတားများသည်တစ်ရွာလုံးကားပတ်မောင်းလို့ရရန် | ၂ | လိုချင်သောရေနုတ်မြောင်းပေါ်တွင် ခိုင်မာသောတံတား ကလေးများပညာသင်ရန် စာကြည့်တိုက် |
| ၃ | မျက်စိနှစ်သောတံတားများအား ဦးစားပေးမြင်ရန် | ၃ | နေ့စဉ်အမှိုက်ပစ်နိုင်သောအမှိုက်ကန် သောက်ရေမလုံလောက်သဖြင့် သိုလှောင်ကန် |
| ၄ | နိုင်ငံတကာအဆင့်မှီသောက်သုံးရေသောက်သုံးနိုင်ရန် | ၄ | ကျန်းမာရေး (၂၄) နာရီဆေးခန်း ခိုင်ခံ့သော မီးတိုင် တစ်ရွာလုံး ရရှိရေး |
| ၅ | မီးတိုင်မီးကြိုးအမြန်ရရှိရေး ရေကာတာအခက်အခဲ | ၅ | သန့်ရှင်းသပ်ရပ်နေ့စဉ်ကုန်စျေး |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတောင်ပိုင်း ချောင်းကူးတံတား | အမျိုးသား + အမျိုးသမီး | ၁၄,၁၀၀၀၀၀ | ၁၂၉၇ |
| ၂ | ရွာမြောက်ပိုင်း ရေကန်ခြံစည်းရိုးခတ်ခြင်း | အမျိုးသား + အမျိုးသမီး | ၄,၅၀၀၀၀၀ | ၁၂၉၇ |
| ၃ | ကောင်းမွန်သော(၁,၂)လမ်း | အမျိုးသား + အမျိုးသမီး | ၈,၅၀၀၀၀၀ | ၁၂၉၇ |
| ၄ | ရွာမြောက်ပိုင်း ရေကန်အနက်ချဲ့ခြင်း | အမျိုးသမီး | ၇,၀၀၀,၀၀၀ | ၁၂၉၇ |
| ၅ | သုသာန်ဇရပ်ပြုပြင်ခြင်း | အမျိုးသမီး | ၅,၀၀၀၀၀၀ | ၁၂၉၇ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | သုသာန်လမ်း | အမျိုးသမီး | |
| ၂ | ရွာဦးသာဘုရားလမ်း | အမျိုးသား + အမျိုးသမီး | |
| ၃ | သောက်ရေသန့်စက် | အမျိုးသား | |
| ၄ | မီးကြိုးနှင့် မီးတိုင်ရရှိရေး (ကျန်အသာနတ်ရှင်လမ်း) | အမျိုးသား + အမျိုးသမီး | |
| ၅ | ရေတံခါး ( ဘုန်းကြီးကျောင်းချောင်း ) | အမျိုးသား | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်---ဦးလှထွန်း---------- လက်မှတ်-------------------------- နေ့စွဲ-----၂၂-၂-၂၀၂၃--------

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ဒနောက် အရှေ့နာက်ဘက်ကမ်း

ကျေးရွာအုပ်စု ဒနောက် ကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ ဒနောက် သုန်း ဘုန်းကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၁၄ ၊ ၂ ၊ ၁၇ (?)

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ပထမအကြိမ် လူထုဗဟိုပြုစီမံကိန်း မိတ်ဆက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၉၀ )ဦး ၊မ ( ၁၀၂ )ဦး= (၁၉၂) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်း အား ရည်ရွယ်ချက်များဖြင့်

စီမံကိန်းဖြင့် ပတ်သက်သည်များ အား သိရှိရန် ၊ လုပ်ဆောင်ရမည့်

လုပ်ငန်းများ အား သိရှိရန် ၊ စေတနာ့ဝန်ထမ်းများ ထွက်ပေါ်ရန် ။

ဆွေးနွေးချက်များ ။ ။ ကျေးရွာ ရာအိမ်မှူးဖြစ်သော ဦးမြင့်ဆွေမှ အမှာ
စကား ပြောကြား၍ လူထုဗဟိုပြုစီမံကိန်း
အကြောင်း အနည်းငယ်ရှင်းလင်းပြောကြား၍
အစည်းအဝေး အား ဖွင့်လှစ်ပါသည်။ ထို့နောက်
လက်ထောက်နည်းပညာမှူး ဒေါ်အေးသိမ့်ဆွေကြူ
မှ မိတ်ဆက်စကား ပြောကြား၍ အစည်း အဝေး
အား ပြီးမြောက်အောင်မြင်သည်အထိ ပါဝင်
ကူညီကြရန် ပြောကြား ခဲ့ပါသည်။ ထို့နောက်
လက်ထောက်နည်းပညာမှူး မှ အစည်းအဝေးနှင့်
ပတ်သက်သည်များ အား အကျဉ်းချုပ်ရှင်းပြခဲ့
ပါသည်။

ဆွေးနွေးချက်။ ။ လူ့အခွင့်အရေး ညှိနှိုင်းရေးမှူး ဖြစ်သော ဦးတင်အောင်မှ စတင်မိတ်
ဆက်ပြီ စီမံကိန်း မိတ်ဆက် (၁၅) ချက်အား ရှင်းလင်း
ပြောကြားခဲ့ပါသည်။ ပြီးနောက် လူထုဗဟိုပြု စီမံကိန်း
၏ ပထမနှစ် [illegible] ဖြစ်သော အပိုင်း (၆) ပိုင်း
နှင့် အဆင့် (၁၄) ဆင့်အား သေချာ နားလည်
အောင်တဆင့်ချင်း ရှင်းလင်း ပြောကြားပေးခဲ့ပါ
သည်။ ၎င်း စီမံကိန်းအရ အစီကတာဝန်ရှိ သူများ
အကြောင်း ဆက်လက်ရှင်းပြခဲ့ပါသည်။ ထိုသို့ရှင်း
လင်းပြောကြားပြီး နောက် ဆေတကူ ဝန်ထမ်းရွေးချယ်
ရန် ဆေတကူ ဝန်ထမ်း အရ တာဝန်ဝတ္တရားများအား
ရှင်းလင်း ပြောကြားခဲ့ပါသည်။ ဆေတကူ ဝန်ထမ်း မည်သူ
ရွေးချယ်မည်ကို ကျေးရွာ လူထုနှင့် ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာအရ အိမ်ထောင်စု အရေအတွက် အဂ
ကျား (၁၁) ယောက် ၊ မ (၁၁) ယောက်အား ရွေးချယ်
သ [illegible] ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ပြီးနောက်
စီမံကိန်း အရ ညှိနှိုင်း အဂ အမျိုးသား (၃) ဦး အမျိုးသ
မီး (၃) ဦး အဆိုပြုခဲ့ပါသည်။ အမျိုးသားများမှာ
ဦးမျိုးမျိုးသိန်း ၊ ဦးထွန်းလင်းမြင့် ၊ ဦးသူရဝင်း တို့အား
အဆိုပြု၍ အမျိုးသမီးများမှာ ဒေါ်ခိုင်ခိုင်ဝင်း ၊
ဒေါ်သန်းသန်းမြင့် နှင့် ဒေါ်သိန်းသိန်းရီ တို့အား
အဆိုပြုခဲ့ကြပါသည်။

သဘောတူချက်။ ထိုသူများ အထဲမှ မဲများ ပေး၍ ရွေးချယ်ခဲ့ကြပါသည်။

အမျိုးသားအသင်းမှ ဦးသူရဝင်းသည် မဲအများဆုံးဖြစ်၍ စေတနာ့ဝန်ထမ်း အဖြစ် ရွေးချယ်ခဲ့ပြီ အမျိုးသမီးအသင်းမှ ဒေါ်သီရိုးသီရိုးဖိုး သည် မဲအများဆုံးရရှိပါ၍ စေတနာ့ဝန်ထမ်းအဖြစ် ရွေးချယ်ခဲ့ပါသည်။ ထိုသူများအား ကျေးရွာလူထုရှေ့တွင် လုပ်နိုင်ပါမည်လား ဟု မေးခဲ့ပါသည်။ ထိုသူများမှ ပူးပေါင်း လုပ်ကိုင်နိုင်ပါသည်ဟု ပြောဆို ဆောင်ရွက်၊ ကျောင်းသုံး များ မှတ်ကြားစေပြီး လက်မှတ်ရေးထိုးပြီး စေတနာ့ဝန်ထမ်း အဖြစ် သဘောတူလက်မှတ်ရေးထိုး ခန့်အပ်ခဲ့ [illegible] ပြီး အစည်းအဝေးအား [illegible] နားခဲ့ပါသည်။

(လက်မှတ်)

မှတ်တမ်းတင်သူ

ဦးတင်သိုက်

[illegible]ရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ဒရာနဲ့ ဒေါမျာက် ဘက်တောင်း

ကျေးရွာအုပ်စု ဒရာနဲ့ ကျေးရွာ အုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ ဘုန်းတော်ကြီး ကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၂၁. ၂. ၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၇၄ )ဦး ၊မ ( ၁၁၅ )ဦး= (၁၈၉) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

အမျိုးသားများနှင့် အမျိုးသမီးများ၏ အခက်အခဲများ မျှော်မှန်းချက်များ၊ ဦးစားပေးလုပ်ဆောင်လိုသည့် လုပ်ငန်းစဉ်များ၊ ထိုလုပ်ငန်းစဉ်များအား ဦးဆောင်လုပ်ကိုင်နိုင်ရန်အတွက် ကော်မတီများ ရွေးချယ်ခြင်း။

ဆွေးနွေးချက်။ - ကျေးရွာလူထု၏ အခက်အခဲ မျှော်မှန်းချက်များနှင့် ဦးစားပေးလုပ်ငန်းများအား ဆွေးနွေးခြင်း။

ဆွေးနွေးချက်။ - စီမံကိန်းလုပ်ငန်းစဉ်များအား ဦးဆောင်နိုင်ရန်အတွက် ကော်မတီများအား ရွေးချယ်ရန် ဆွေးနွေးခြင်း။

ဆုံးဖြတ်ချက်။ သဘောတူညီချက် - ကျေးရွာလူထု၏ အခက်အခဲ အတားအဆီးများအား သိရှိရန်နှင့် မျှော်မှန်းချက်များ ဦးစားပေးလုပ်ငန်းများ ဖော်ထုတ်ရန် အမျိုးသား / အမျိုးသမီး တဘက်စီ ထိုင်စေပြီး လိုအပ်ချက်များအား ဖော်ထုတ်ခဲ့ကြပါသည်။ ၎င်းလုပ်ငန်းများအား မဲပေး၍ ရွေးချယ်ပြီး လူထုတွေ့ဆုံပွဲ အစည်းအဝေး သဘောတူညီမှု ရယူခဲ့ပါသည်. ထိုလုပ်ငန်းစဉ်များမှာ

ဆုံးဖြတ်ချက်။ သဘောတူညီချက်

။ ၁။ ရွာတောင်ပိုင်း တံတား
၂။ ရွာမြောက်ပိုင်း ရေကန်ဖြစ်စည်းရိုး ပေါက်ခြင်း
၃။ ဒေါင်ချမ်း ဘာလမ်း
၄။ ရွာမြောက်ပိုင်း ရေကန် တာရက်ကျိုက်ခြင်း
၅။ ဘုသာ့ ရေပယ် မပြင်ခြင်း
၆။ ဘုသာ့ လမ်း မပြင်ခြင်း
၇။ ရွာတောင်ပိုင်း ရေကန်ဖြစ်စည်းရိုး ပေါက်ခြင်း
၈။ ရွာထိပ် ကန်ကျောင်းကန် ဆည်ဖို့ မပြင်ခြင်း
၉။ မြဝတီလမ်း အုတ်ပေါ် မပြင်ခြင်း တာဝန်ရှိသူဖြင့် ဦးအား ပေးလှုပ်ရှား အဆင့်ဆင့် သို့ တွက် ပေးပို့ ပါသည်။

ဆုံးဖြတ်ချက်။ သဘောတူချက်

။ စီမံကိန်းလုပ်ငန်းအဖွဲ့များအား စီမံခန့်ခွဲ ပိုင်ရှင် ကျေးရွာစီ/ကောက် ခေါင်းဆောင် ၁၂ ဦး နှင့် အခြား အဖွဲ့ဝင်များအား ရွေးချယ်ရာ တွင် ဦးလှအုန်း နှင့် ဒေါ်စုစုလှိုင် မှာ မဲအများဆုံး နှင့် ကျေးရွာ စီ/ကောက် ခေါင်းဆောင်များဖြစ်ပြီ ဆောင်ရွက်ညှိကြီးကြပ်ရေး တွင် ဦးမောင်မောင်၊ ဒေါ်ထားထားဆွေ၊ ဒေါ်အေးစီ တို့ရှိပြီး လည်ပတ်မှုစီမံကိန်း ဘဏ္ဍာရေးတွင် ဦးခင်ဝိုင်း၊ ဦးစိန်းတင် ဒေါ်သိမ့်သိမ့်ဆွေ၊ လယ်ယာရေးတွင် ဦးဝင်း၊ ဦးကြည်ဆွေ၊ ဒေါ်ဖြူဖြူဝိုင်း နှင့် ကျေးရွာ ကျန်းမာရေးတွင် ဦးတင်ထွန်းဦးနှင့် ဝေယံ အကြံပေးကော်မတီ ချက် ပြောင်းရေးတွင် ဦးကျော်သူနှင့် ဒေါ်ငွေးရီတို့အား မဲခေါ်ပြီး ရွေးချယ်ခဲ့ပြီး ကော်မတီ အားလုံး အား ဆောင်ရွက်ရန် တာဝန်များ ခွဲဝေပေးခဲ့ပြီး သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

လက်မှတ်
အဖွဲ့စည်းရုံးရေးမှူး

(မှတ်တမ်းတင်သူ)
ဦးတင်ဆန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-